**တရားလွှတ်တော်ရှေ့နေ/အထက်တန်းရှေ့နေလိုင်စင်မိတ္တူလျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများပူးတွဲပါရှိရမည် -**

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင် ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးသို့ လိပ်မူတင်ပြရမည်။)

၂။ တိုက်ပုံအနက်ဖြင့်ရိုက်ထားသော ဓါတ်ပုံ ( ၃ ) ပုံ (၁ လက်မ×၁လက်မခွဲ ပတ်လည်၊ နောက်ခံအပြာရောင်၊ အမျိုးသားများသည် တိုက်ပုံအနက်ဝတ်ဆင်ပြီး ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုး တံဆိပ် တပ်ဆင်ခြင်းမရှိစေရ။ အမျိုးသမီးများသည် ဆံပင်ထုံးဖွဲ့ထားပြီး တိုက်ပုံ အနက်ရောင် ဝတ်ဆင်ထားရမည်။ ရင်ထိုး တံဆိပ် တပ်ဆင်ခြင်းမရှိစေရ။ လျှောက်လွှာတင်သည့်ရက်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။)

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၄။ တရားလွှတ်တော်ရှေ့နေ / အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ် ပျောက်ဆုံးကြောင်း ရဲစခန်း သို့ သတင်းပို့ထားသည့် ထောက်ခံစာမူရင်း။

၅။ တရားလွှတ်တော်ရှေ့နေ / အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ် ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ သတင်းပို့ထားသည့် ထောက်ခံစာ မူရင်း။

၆။ တရားလွှတ်တော်ရှေ့နေ / အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ် ပျောက်ဆုံးကြောင်း ရှင်းလင်းချက် ကျမ်းကျိန်လွှာ။

၇။ အထက်တန်းရှေ့နေလိုင်စင်မိတ္တူလျှောက်ထားမှုတွင် လိုင်စင်သက်တမ်းတိုးထားမှုနှင့် ပတ်သက်၍ မည်သည့်ကာလ အပိုင်းအခြားထိ သက်တမ်းတိုးထားကြောင်း ခရိုင်တရားသူကြီး၏ ထောက်ခံစာမူရင်း။

**မှတ်ချက်**

- **၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၁** အရ “တစ်ဆက်တည်း (၃) နှစ် ကာလအပိုင်းအခြားအတွင်း အမှန်စင်စစ်ရှေ့နေလိုက်ခြင်းမရှိသော သို့မဟုတ် မိမိ၏ သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ရန် ပျက်ကွက်သော ရှေ့နေသည် မိမိသက်သေခံလက်မှတ်အသစ်လဲလှယ်နိုင်ခွင့် ဆုံးရှုံးခြင်းနှင့် ရှေ့နေမှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ခံထိုက်စေရမည်”ဟု ပြဋ္ဌာန်းထားပါသည်။
- အထက်တန်းရှေ့နေ လိုင်စင်မိတ္တူထုတ်ပေးရန် လျှောက်ထားသူများ၏ လိုင်စင်မှာ သက်တမ်းတိုးကျော်လွန်နေပါက လိုင်စင်သက်တမ်းတိုးရန်ကိစ္စကိုပါ တစ်ပါတည်း ပူးတွဲလျှောက်ထားရပါမည်။

- သတ်မှတ်ထားသည့် ၃ နှစ်ကာလ ကျော်လွန်၍ အသစ်လဲလှယ်ရန် ပျက်ကွက်သူများအား **၁၉၅၅ ခုနှစ် ရွေးနေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၁** အရ မိမိသက်သေခံလက်မှတ်အသစ်လဲလှယ်နိုင်ခွင့် ဆုံးရှုံးခြင်းနှင့် ရွေ့နေမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ခံထိုက်စေရမည်။